




# " MGC Project, Sector - 2, 2A & 3 တွင် Infra CCTV and Lamp Post အတွက် အသုံးပြုရန် Brand New Generator 50 KVA (1 Set) အရောင်းအဝယ်ပြုလုပ်ခြင်း နှစ်ဖက်သဘောတူကတိစာချုပ်"

Contract No & Date - SP/MGC-M045/23 (19.12.2023)
Log Con Ap No & Date - 141/23 (16.12.2023)

Myanmar Imperial Vega Co.,Ltd ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် MGC Project, Sector - 2, 2A & 3 တွင် Infra CCTV and Lamp Post အတွက်အသုံးပြုရန် Brand New Generator 50 KVA (1 Set) အရောင်းအဝယ်ပြုလုပ်ခြင်းကို COA II - Project Infra Budget လုပ်ငန်းခေါင်းစဉ်အရ အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူသူနှင့် ပစ္စည်းရောင်းချသူတို့သည် ဤစာချုပ် ဖော်ပြပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန် သဘောတူညီကြသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၀၅/အေ)၊ ပါရမီလမ်း၊ ပြည်လမ်းနှင့် မင်းဓမ္မလမ်းကြားရှိ စီမံကိန်းရုံး၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၉ )ရက်နေ့တွင် စာချုပ် ချုပ်ဆိုကြပါသည်။

**လုပ်ငန်းအပ်နှံသူ ။ ။** **Myanmar Imperial Vega Co.,Ltd (ကိုယ်စား)**
**ဦးစံဖုန်းတင့် (HOD-CMD I)**
**ဒေါ်ခင်စန္ဒီကျော် (HOD-Logistics)**

**ပစ္စည်းရောင်းချသူ ။ ။** **UMG Myanmar Co.,Ltd. (ကိုယ်စား)**
**ဒေါ်ကြေးမုံဝင်း (Managing Director)**
**၁၂/သဃက (နိုင်) ဝ၄၃၃၁၁**
**အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၈၆၆၉၀၃၆**

(ဤစာချုပ်ဖော်ပြပါ "ပစ္စည်းဝယ်ယူသူ" နှင့် "ပစ္စည်းရောင်းချသူ"ဟုဆိုရာတွင် မိမိတို့ကိုယ်တိုင်အပြင် အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းအဖွဲ့အစည်း၏ ပိုင်ရှင်များ၊ တရားဝင်ကိုယ်စားလှယ်များ၊ အဆိုပါ ပုဂ္ဂိုလ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို စဉ်ဆက်မပြတ် ဆက်ခံသူများ၊ တရားဝင်လွှဲအပ်ခြင်းခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရပါမည်။)

စာချုပ်ချုပ်ဆိုကြသည့် ပစ္စည်းဝယ်ယူသူနှင့် ပစ္စည်းရောင်းချသူတို့သည် အောက်ဖော်ပြပါစည်းမျဉ်း စည်းကမ်းများအပေါ်တွင် အခြေခံလျက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ကြရန် အပြန်အလှန် သဘောတူညီကြပါသည်။

၁။ <u>ဝယ်ယူသည့်ပစ္စည်းအမျိုးအစားပမာဏနှင့်ဈေးနှုန်း</u>

| No | Model/Brand | Prime Rating /Stand By | Engine | ALTERNATOR | Unit | PRICE (USD) | DIMENSION-M | REMARK |
|---|---|---|---|---|---|---|---|---|
| 1 | Matador,MF-55JS,Electric Type ,3Phase | 50KVA/55KVA | Fawde(4D X22-65D),Electric Type ,3Phase | Metaldor/Smatergen,JLT224 D,Without ATS,Include ATS Function Only | 1 Set | $ 10,500 | LxWxH (2210x990x 1300 ) mm,1140kg | Silent Type (Sound Proof), 1000Hrs (for initial 100hrs services and every 250hrs service within warranty period) |
| | Total Amount | | | | | $ 10,500 | | |
| | Discount | | | | | $ 2,700 | | |
| | Total Contract Amount (Include CT 5%) Cash Price | | | | | $ 7,800 | | |

**မှတ်ချက် ။ ။ ပူးတွဲပါ Specification များ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသော ပစ္စည်းများဖြစ်ရန်နှင့် Brand New ဖြစ်ကြောင်း အာမခံရမည်။**

စာချုပ်ပါစုစုပေါင်းသတ်မှတ်တန်ဖိုးမှာ **USD $ 7,800 (အမေရိကန်ဒေါ်လာခုနစ်ထောင့်ရှစ်ရာတိတိ)** ဖြစ်ပါသည်။

မှတ်ချက် ။ ။ ငွေပေးချေရာတွင် US$ Cash (သို့မဟုတ်) ငွေပေးချေမည့်နေ့ရှိ (Market Rate) နိုင်ငံခြား ငွေလဲလှယ်သည့် နှုန်းထားအား နှစ်ဦးနှစ်ဖက်ညှိနိုင်း တွက်ချက်၍ မြန်မာကျပ်ငွေဖြင့် ပေးချေမည်ဖြစ်ပါသည်။ UMG ၏ Bank Special Account ဖြင့်လည်း ပေးချေ၍ရပါသည်။

ရောင်းချသူသည် ဝယ်ယူထားသော 50 KVA Generator (1 Set) ကို MGC Project ရှိလုပ်ငန်းခွင်သို့ ရောက်ရှိချိန်တွင် ပေးဆောင်ရသည့် အကောက်ခွန်(Custom Duty) နှင့် ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax) ကို ပေးဆောင်ရန်တာဝန်ရှိပြီး၊ အဆိုပါပေးဆောင်ရသည့် အထောက်အထားများကို ဝယ်ယူသူထံသို့ ပေးပို့ရန် တာဝန်ရှိသည်။ အထက်ပါစာချုပ်တန်ဖိုးအတွက် ထပ်မံပေးဆောင် ရနိုင်သည့် မည်သည့် ကုန်သွယ်လုပ်ငန်းခွင်ကိုမဆို ဝယ်ယူသူမှ ပေးဆောင်ရန် တာဝန်မရှိစေရ။

## ၂။ ငွေပေးချေမှု

| စဉ် | အကြောင်းအရာ | % |
|---|---|---|
| ၁ | စာချုပ်ပါ ပစ္စည်းဆိုဒ်သို့ရောက်ရှိပြီး စစ်ဆေးလက်ခံပြီး၊ GR ဖွင့်ပြီး၊ Bill တင်ပြီး (၂)ပါတ်အတွင်း (ထုတ်ယူမည့်ငွေ၏ ကသခ (၃၁)ချလံမူရင်းအား ငွေထုတ်ယူချိန်တွင် တပါတည်းယူဆောင်လာရမည်။) | ရောက်ရှိပစ္စည်းတန်ဖိုး၏ ၉၀% |
| ၂ | စာချုပ်ပါ လုပ်ငန်းအားလုံးပြီးစီး၍ Testing and Commission ပြီးလျှင် (သို့မဟုတ်) T&C ဆောင်ရွက်မှု ပစ္စည်းဝယ်ယူသူဖက်မှ ကြန့်ကြာနေပါက ပစ္စည်းရောက်ရှိပြီး (၁)လအတွင်း (ထုတ်ယူမည့်ငွေ၏ ကသခ (၃၁)ချလံမူရင်းအား ငွေထုတ်ယူသည့်နေ့တွင် တစ်ပါတည်းအပ်နှံရပါမည်။) | စာချုပ်ပါတန်ဖိုး၏ ၁၀% |

## ၃။ ငွေတောင်းခံလွှာတင်ခြင်း

ယခုအရောင်းအဝယ်စာချုပ်အရ အရောင်းအဝယ်ပြုလုပ်သောပစ္စည်းများ ငွေပေးချေရန်အတွက် ငွေတောင်းခံလွှာတင်ရာတွင်

(၃.၁) ရောင်းချသူ၏ လုပ်ငန်း Letter head ဖြင့် ငွေတောင်းခံလွှာ (ထိုငွေတောင်းခံလွှာတွင် စာချုပ်အရ လက်ခံရရှိပြီးငွေ (ရက်စွဲ/ဇယား) နှင့် ရရန်ကျန်ငွေတို့ကို ဖော်ပြရမည်။)

(၃.၂) ဤစာချုပ်မိတ္တူတစ်စုံ

(၃.၃) ရောင်းချသူ၏ Invoice (or) Voucher

(၃.၄) ဝယ်ယူသူ Store မှ ပစ္စည်းလက်ခံရရှိကြောင်း Goods Received Note Original

(၃.၅) ဝယ်ယူသူစတိုတွင် ပစ္စည်းလက်ခံစဉ်ရိုက်ကူးထားသည့် နေ့စွဲနှင့်အချိန်ပါသော ဓါတ်ပုံမှတ်ချက် ။ ။ ရောင်းချသူကိုယ်တိုင် ငွေလာရောက်ထုတ်ယူပါက မှတ်ပုံတင်မူရင်းယူလာရန်၊ ကိုယ်စားလာရောက်ထုတ်ယူလျှင် အမည်၊ ထိုးမြဲလက်မှတ်၊ Received Voucher နှင့် မှတ်ပုံတင်အမှတ်ပါသော ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်မူရင်းတို့ကို ငွေထုတ်သည့်အခါတွင် ယူဆောင်လာရပါမည်။

## ၄။ ပစ္စည်းပေးပို့ခြင်း

(၄.၁) ရောင်းချသူမှ ရောင်းချထားသော ပစ္စည်းများကို သတ်မှတ်ထားသောနေရာ (သို့မဟုတ်) ရန်ကုန်မြို့တွင်းရှိ ဝယ်ယူသူညွှန်ပြသောနေရာသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

(၄.၂) စာချုပ် ချုပ်ဆိုပြီးသည့်နေ့၊ PO ပို့ပြီးသည့်နေ့မှ (၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၁၂-၂၀၂၃ ရက်နေ့)အတွင်း အရောက်ပေးပို့ရမည် ဖြစ်ပါသည်။

(၄.၃) ဤစာချုပ်တွင် ဖော်ပြထားသော ပစ္စည်းများပေးပို့ရမည့် အချိန်ကာလအတွင်း ပစ္စည်းရောင်းချသူမှ ပစ္စည်းဝယ်ယူသူသို့ ပေးပို့နိုင်ခြင်းမရှိပါက ပစ္စည်းရောင်းချသူမှ (၁လ)လျှင် ရက်လွန်ကြေးအဖြစ် ပေးပို့ရမည့် ပစ္စည်းတန်ဖိုး၏ (၁)ရာခိုင်နှုန်းကို ပစ္စည်းဝယ်ယူသူသို့ ပေးလျော်ရမည်။ ပစ္စည်းပေးပို့ခြင်းကို (၁လ)ထက်ပို၍ နောက်ကျခွင့် မရှိပါ။

(၄.၄) ပစ္စည်းပေးပို့မှု (၁လ) ထက်ပို၍ နောက်ကျခဲ့ပါက ပစ္စည်းရောင်းချသူမှ ပစ္စည်းဝယ်ယူသူသို့ နောက်ကျရသည့် အကြောင်းအရာများကို စာဖြင့် အကြောင်းပြချက် ခိုင်လုံစွာဖြင့် ပေးပို့ရမည်။ ပစ္စည်းပေးပို့မှု (၂)လ နောက်ကျခဲ့ပါက နောက်ကျခြင်းအတွက် ပစ္စည်းဝယ်ယူသူအား ပေးပို့ရမည့် ပစ္စည်းတန်ဖိုး၏ (၂) ရာခိုင်နှုန်းကို ပစ္စည်းရောင်းချသူက ပေးလျော်ရန် တာဝန်ရှိသည်။

## ၅။ ပစ္စည်းအရည်အသွေးနှင့် အာမခံချက်

(၅.၁) ဤစာချုပ်အရ ဝယ်ယူထားသော 50 KVA Generator (1 Set) သည် Brand New ဖြစ်ကြောင်း အာမခံရမည်ဖြစ်ပြီး ပူးတွဲပါ ရောင်းချသူ၏ (Quotation) ပါ Specification များအတိုင်း ပြည့်စုံစွာပါရှိရမည်။

(၅.၂) အရည်အသွေးပြည့်မီမှုမရှိပါက ပစ္စည်းဝယ်ယူသူမှ လက်ခံရန် ငြင်းပယ်ခွင့်ရှိပြီး ရောင်းချသူမှ ဝယ်ယူသူလက်ခံသည့် အရည်အသွေးပြည့်မီသော ပစ္စည်းဖြင့် အချိန်မီ ပြန်လည်လဲလှယ်ပေးရမည်။

(၅.၃) ရောင်းချထားသော မီးစက်များကို စတင်အသုံးပြုချိန်မှစ၍ 1000 Hr ပြည့်သည့်အချိန်အထိ အာမခံကာလအဖြစ် သတ်မှတ်ပေးရပါမည်။

(၅.၄) အာမခံကာလအတွင်း အသုံးပြုသူ၏ မှားယွင်းမှုမှအပဖြစ်သော ကျန်စက်ပစ္စည်း အစိတ်အပိုင်းများ၊ Electronic အစိတ်အပိုင်းများနှင့် ဝါယာရိန်း အစိတ်အပိုင်းများအားလုံး၏ ပျက်စီးဆုံးရှုံးမှုများကို (ပစ္စည်းဖိုး + လက်ခ)မယူဘဲ အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးပါမည်။

၆။ **<u>ဝယ်ယူသူ၏လုပ်ငန်းတာဝန်များ</u>**

ဝယ်ယူသူသည် မိမိဝယ်ယူထားသော မီးစက်ထားရှိရန်နေရာ၊ မီးကြိုးများ Distribution Panel နှင့် ATS စသည့် Accessories များနှင့် စက်သုံးဆီများကို စီစဉ်ထားရှိရမည်။

၇။ **<u>ရောင်းချသူ၏လုပ်ငန်းတာဝန်များ</u>**

(က) မီးစက်အသုံးပြုပုံအဆင့်ဆင့်နှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ဝယ်ယူသူသတ်မှတ်ပေးထားသည့် Operator အား နားလည်သဘောပေါက်အောင် သင်ပြပေးခြင်းနှင့် Testing & Commissioning ကို Site Load နှင့် ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။

(ခ) အာမခံကာလတစ်နှစ်အတွင်း အသုံးပြုနေစဉ် ချို့ယွင်းမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာခဲ့လျှင် ရောင်းချသူမှ (၅)နာရီအတွင်း လာရောက်စစ်ဆေးကြည့်ရှုပေးရပါမည်။ အဆိုပါမီးစက်များ အသေးစားပြုပြင်ခြင်း ကိစ္စရပ်များအား (၂၄)နာရီအတွင်း၊ အကြီးစားပြင်ဆင်မှုကိစ္စရပ်များ (၃)ရက်အတွင်း အပြီး ပြုပြင်လဲလှယ်တပ်ဆင်ပေးရပါမည်။

(ဂ) မီးစက်များကို ဝယ်ယူသူထံသို့ လွှဲပြောင်းအပ်နှံသည့် အချိန်တွင် Running Condition ကို (Load မပါ) စမ်းသပ် မောင်းနှင်ပြရပါမည်။

(ဃ) ဝယ်ယူသူမှ လုပ်ငန်း Load Test နှင့် စမ်းသပ်ရန်အချိန်တွင် လာရောက်စမ်းသပ်မောင်းနှင် ပေးရမည်။

(င) အာမခံကာလ(၁)နှစ်အတွင်း After Sales Service အနေဖြင့် (၃)ကြိမ် အခမဲ့လာရောက် ကြည့်ရှုပေးခြင်းကို ရောင်းချသူမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ၎င်း(၃)ကြိမ်အနက် ပထမဆုံးစက်မောင်း နာရီ (၁၀၀)ပြည့်သည့်အချိန်တွင် ရောင်းချသူ၏ အဖွဲ့မှ Engine Oil and Filters များအပါ လာရောက်လဲလှယ်ပေးခြင်း ဆောင်ရွက်ပေးပါမည်။ နာရီ (၂၅၀) ပြည့်သည့်အချိန်နှင့် 1 years (or) **နာရီ (၁၀၀၀)ပြည့်သည့်**အချိန်တွင် (လက်ခမဲ့) စစ်ဆေးကြည့်ရှုရမည် ဖြစ်ပါသည်။

(စ) **Scope of Supply**

Matador Fawde Heavy Duty Industrial Diesel Engine

Matador (MF55JS) Premium Alternator

SmartGen Digital control module (HGM 6110N)

MCCB Circuit Breaker

Maintenance free Batteries

Smart and Compact Sound proof Canopy (Silent Type)

Reliable Safety Function monitored by SmartGen module

Parts ref and O & M Manual

Load Test certificate

Fuel Filter, Lube Filter, Air filters and Lube Oil

**After Sales Upport**

1000 hrs warranty (for initial 100hrs services and every 250hrs service within warranty period)

Prompt and professinal service team with Standby Spareparts

Call Service, Contract Service and Major overhauling service are available upon request

**Accessories**

Auto Main Failure - Engine Star and Stop - Build In

Auto Transfer Switch with motorized Breaker - Option

၆။ **အထွေထွေသဘောတူညီချက်များ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲဥပဒေနှင့် နည်းဥပဒေအရ ပေးချေရန် ကျန်ရှိသော အခွန်အရပ်ရပ်အား ပေးသွင်းပြီး တရားဝင်တင်သွင်းရောင်းချသည့် ကုန်ပစ္စည်းများဖြစ်ကြောင်း၊ မှာယူပစ္စည်း အတိအကျအတိုင်း ပေးပို့ရန် ရောင်းချသူမှ အာမခံပါသည်။

(ခ) အရောင်းအဝယ်ပြုလုပ်သည့် ကုန်ပစ္စည်း၏ အခွန်ကိစ္စရပ်ဆိုင်ရာနှင့် အခြားဆက်စပ်သော မူရင်း စာရွက်စာတမ်းများကို ဝယ်ယူသူထံအပ်နှံနိုင်ရမည်။

(ဂ) ပစ္စည်းရောင်းချသူမှ မိမိလုပ်ငန်းကြော်ငြာများ၏ Customer List တွင် ပစ္စည်းဝယ်ယူသူ အမည်ထည့်သွင်းကြော်ငြာမည်ဆိုပါက သဘောတူညီခွင့်ပြုချက်ရယူရန်လိုအပ်ပြီး ဝယ်ယူသူ၏ ခွင့်ပြုချက်ရမှသာ ထည့်သွင်းကြော်ငြာရမည်ဖြစ်သည်။

(ဃ) ပစ္စည်းရောင်းချသူက ပစ္စည်းဝယ်ယူသူ၏ ကိုယ်စားလှယ်နှင့် စတိုအပါအဝင် ဝန်ထမ်းများအား တံစိုး၊ လက်ဆောင်ပေးခြင်းများ မပြုလုပ်ရပါ။

(င ) စာချုပ်ပါအတိုင်း သတ်မှတ်ရက်ကာလအတွင်း ရောင်းချသူဘက်မှ ကုန်ပစ္စည်းကို အပ်နှံနိုင်မှု မရှိခြင်း၊ အချိန်မီတပ်ဆင်ပြီးစီးရန် ကြန့်ကြာစေခြင်းနှင့် အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက နှစ်ဦးနှစ်ဖက်နစ်နာမှုမရှိစေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်ဝင်များက ပြေလည်စွာ ညှိနှိုင်းဖြေရှင်းကြရမည်။ ဤကဲ့သို့ ဖြေရှင်း၍မရပါက ဝယ်ယူသူမှ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပြဋ္ဌာန်းသတ်မှတ်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

(စ ) နိုင်ငံတော်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော တည်ဆဲဥပဒေအရပ်ရပ်ကို ဆန့်ကျင်ခြင်း မပြုလုပ်ဘဲ လိုက်နာဆောင်ရွက်ရမည်။

## ၉။ <u>မလွန်ဆန်မတားဆီးနိုင်သော အကြောင်းတရားများ</u>

မလွန်ဆန်မတားဆီးနိုင်သော အကြောင်းတရားများဆိုသည်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၉.၁) ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေဘဲ စာချုပ်ဝင်တစ်ဖက်ဖက်သည် စာချုပ်ပါ တာဝန်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်ရန် (သို့မဟုတ်) စာချုပ်ဝင်အခြားတစ်ဖက်၏ ဆောင်ရွက်မှုကို လက်ခံရန် ယာယီအားဖြင့် မစွမ်းဆောင် နိုင်သည့် အခြေအနေသို့ သက်ရောက်စေသော ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်း မပြုနိုင်သော မလွန်ဆန်နိုင်သည့်ဖြစ်ရပ်၊ ဘေးအန္တရာယ် ပေါ်ပေါက်ကျရောက် ခဲ့လျှင် ထိုသို့ကြုံတွေ့ရသည့် စာချုပ်ဝင်သည် ထိုဖြစ်ရပ်များ ပေါ်ပေါက် ကြုံတွေ့ရသည့် အဖြစ်အပျက် အပြည့်အစုံကို စာဖြင့်ရေးသား၍ တစ်ဖက်စာချုပ်ဝင်သို့ ယင်းသို့စတင်ကြုံတွေ့ ရသည့်နေ့မှ (၇)ရက်အတွင်း အကြောင်းကြားရမည်။ တစ်ဖက်စာချုပ်ဝင်က လက်ခံအတည်ပြု လျှင် ထိုသို့ မစွမ်းဆောင်နိုင်မှု ပေါ်ပေါက်နေသည့် ကာလအတွက် ကင်းလွတ်ခွင့်ပြုနိုင်သည်။ ထိုပျက်ကွက် နှောင့်နှေးမှုများအတွက် မည်သည့်စာချုပ်ဝင်တွင်မှ တာဝန်မရှိစေရ။

(၉.၂) မလွန်ဆန်နိုင်သော ဘေးအန္တရာယ်များဆိုသည်မှာ အစိုးရမှ တားမြစ်ချက်များ၊ သပိတ်မှောက်မှု များ၊ စစ်ဖြစ်ခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း၊ အဓိကရုဏ်းများဖြစ်ခြင်း၊ သူပုန်ထခြင်း၊ ကပ်ရောဂါ၊ ဗုံးပေါက်ကွဲခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်၍ မရနိုင်သော ထိုက်သင့်သော ဂရုပြုမှု၊ ဝီရိယ စိုက်ထုတ်မှုဖြင့် ကျော်လွှားနိုင်ခြင်းမရှိသော အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

## ၁၀။ အငြင်းပွားမှု ဖြေရှင်းခြင်း

ဤသဘောတူကတိစာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် နစ်နာမှု မရှိစေရေး ရည်ရွယ်၍ ချစ်ကြည်ရင်းနှီးစွာဖြင့် ပြေလည်စွာ ညှိနှိုင်း ဖြေရှင်းရမည်။ ထိုသို့ ညှိနှိုင်းဖြေရှင်း၍ မရပါက မြန်မာနိုင်ငံအတွင်း လိုက်နာကျင့်သုံးသည့် အငြင်းပွားမှု ဖြေရှင်းသည့် တည်ဆဲဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ဖြေရှင်းသည့် ကုန်ကျစရိတ်၊ အမှု၏ ကုန်ကျစရိတ်များကို အမှုရှုံးသူဘက်မှ တာဝန်ယူကျခံရမည်။

## ၁၁။ စာချုပ်သက်တမ်းကာလ

ဤစာချုပ်ကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုသည့်နေ့မှစ၍ ပစ္စည်း၏ အာမခံသက်တမ်း ကုန်လွန်သည့်အချိန်ထိ အကျိုးသက်ရောက်စေရမည်။

## ၁၂။ စာချုပ်ပြင်ဆင်ခြင်း

ဤစာချုပ်ပါ အကြောင်းအရာများ (သို့မဟုတ်) စည်းကမ်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန် အကြောင်း ပေါ်ပေါက်လာပါက စာချုပ်ဝင်များအားလုံး သဘောတူညီချက်ဖြင့်သာ ပြင်ဆင်၊ ဖြည့်စွက်ရမည်။ ပြင်ဆင်ဖြည့်စွက်ခြင်း/ပယ်ဖျက်ခြင်းတို့ကို စာချုပ်ဝင်များကိုယ်တိုင် စာဖြင့် ရေးသား လက်မှတ်ထိုး၍ ပြင်ဆင်ရမည်။ အဆိုပါ ပြင်ဆင်ဖြည့်စွက်ခြင်း/ပယ်ဖျက်ခြင်းတို့သည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ရမည်။

## ၁၃။ စာချုပ်အပေါ် လွှမ်းမိုးသည့် ဥပဒေ

ဤစာချုပ်အပေါ် လွှမ်းမိုးသည့် ဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေများ ဖြစ်သည်။

## ၁၄။ အခွန်အခများ

ဤစာချုပ်အရ ဖြစ်ပေါ်လာသော အခွန်အခများသည် မြန်မာနိုင်ငံပြင်ပတွင်သော်လည်းကောင်း၊ မြန်မာနိုင်ငံ အတွင်းတွင်လည်းကောင်း၊ ပေးချေရန် တာဝန်ရှိပါက ပစ္စည်းရောင်းချသူမှ ပေးချေရမည်။ ကုန်သွယ်ခွန် (Commercial Tax 5%) ကို ပစ္စည်းရောင်းချသူမှ ပေးဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ထားသော ကသခ (၃၁)ချလံမူရင်းအား ပစ္စည်းဝယ်ယူသူထံ သို့ ပေးပို့ရမည်ဖြစ်ပါသည်။

**၁၅။ စာချုပ်ရပ်စဲခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းမှုကြောင့် နစ်နာမှု လျော်ကြေး**

စာချုပ်အပိုဒ်-၉တွင် ဖော်ပြထားသော မလွန်ဆန် မတားဆီးနိုင်သော ဖြစ်ရပ်သည် (၆)လအထိ တစ်ဆက်တည်း ဖြစ်ပွားနေလျှင် စာချုပ်အား နှစ်ဦးသဘောတူ အတည်ပြု၍ ရပ်စဲနိုင်သည်။

ထိုသို့ စာချုပ်ရပ်စဲလျှင် ပစ္စည်းရောင်းချသူ အမှန်တကယ် ရောက်ရှိပေးပို့ထားသော ပစ္စည်းများအား တွက်ချက်ပြီး၊ ကျသင့်ငွေကို ရက် (၃၀)အတွင်း ပစ္စည်းဝယ်ယူသူမှ ပေးချေရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် သဘောတူကြပါသည်။

မလွန်ဆန်မတားဆီးနိုင်သော အကြောင်းတရားများကြောင့် မဟုတ်ဘဲ၊ ပစ္စည်းရောင်းချသူဘက်မှ အကြောင်းပြချက် မရှိဘဲသော်လည်းကောင်း၊ အကြောင်းကြားခြင်းမရှိဘဲသော်လည်းကောင်း၊ တာဝန်မဲ့ လုပ်ငန်း ရပ်ဆိုင်းခြင်း၊ အလုပ်ခွင်မှ စွန့်ခွာခြင်း အစရှိသော အကြောင်းတရားများကြောင့် စီမံကိန်းကာလအတွင်း လုပ်ငန်းပြီးစီးမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော အရပ်ရပ်နစ်နာကြေးများအား ပစ္စည်းဝယ်ယူသူ တောင်းဆိုသည့်နေ့မှ (၁လ)အတွင်း ပစ္စည်းရောင်းချသူမှ ပစ္စည်းဝယ်ယူသူသို့ တစ်လုံးတစ်ခဲတည်း နစ်နာမှုကို ပေးလျော်ရမည်။

**၁၆။ နောက်ဆက်တွဲများ**

| | | |
|---|---|---|
| (၁၆.၁) | ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် ဈေးနှုန်းဖော်ပြချက် | နောက်ဆက်တွဲ (က) (   )ရွက်။ |
| (၁၆.၂) | Generator Specification List | နောက်ဆက်တွဲ (ခ) (   )ရွက်။ |

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၁၀၀ကျပ် K 100

## လက်မှတ်ရေးထိုးခြင်း

အထက်ကတိစာချုပ်ပါ သဘောတူညီချက်များကို ''ပစ္စည်းဝယ်ယူသူ'' နှင့် ''ပစ္စည်းရောင်းချသူ''တို့ ကိုယ်တိုင်နားလည်သိရှိ သဘောပေါက်ကြသဖြင့် ဤသဘောတူစာချုပ်ကို အောက်ဖော်ပြပါ အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

**စာချုပ်နောက်ဆက်တွဲ – ဝယ်ယူသည့် Generator Specification List**

**ပစ္စည်းဝယ်ယူသူ**

လက်မှတ် ----------------------

အမည် ဦးစံဝုန်းတင့်

မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၁၈၀၆၀

လက်မှတ် ----------------------

အမည် ဒေါ်ခင်စန္ဒီကျော်

မှတ်ပုံတင်အမှတ် ၁၄/ဆေန(နိုင်)၀၀၃၅၇၃

**ပစ္စည်းရောင်းချသူ**

လက်မှတ် ----------------------

အမည် ဒေါ်ကြေးမုံဝင်း

မှတ်ပုံတင်အမှတ် ၁၂/သဃက (နိုင်) ၀၄၃၃၁၁

**အသိသက်သေများ**

၁။ လက်မှတ် ----------------------

အမည် ဒေါ်ကျောင်းကျောင်းနွယ်

မှတ်ပုံတင်အမှတ် ၅/ဝသန(နိုင်)၀၃၇၀၃၄

နေရပ် Myanmar Imperial Vega Co.,Ltd

၁။ လက်မှတ် ----------------------

အမည် ဒေါ်ဝတ်ရည်အောင်

မှတ်ပုံတင်အမှတ် ၁၂/ကမတ(နိုင်)၀၂၀၅၅၁

နေရပ် UMG Myanmar Co.,Ltd

၂။ လက်မှတ် ----------------------

အမည် ဒေါ်ချောစုလှိုင်

မှတ်ပုံတင်အမှတ် ၈/ဂဂန(နိုင်)၀၆၄၄၂၀

နေရပ် Myanmar Imperial Vega Co.,Ltd

၂။ လက်မှတ် ----------------------

အမည် ဒေါ်မာမာနိုင်

မှတ်ပုံတင်အမှတ် ၅/ရဘန(နိုင်)၁၄၉၇၅၇

နေရပ် UMG Myanmar Co.,Ltd